# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၁၀ ခုနှစ်၊ ဇွန်လ ၁၉ ရက်

ယနေ့ ၂၀၁၀ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅)နှစ်ပြည့် မွေးနေ့ အခါသမယပင်ဖြစ်သည်။ ဤမွေးနေ့အခါသမယတွင်လည်း သူမသည် နအဖစစ်အာဏာရှင်တို့၏ မတရားဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နေအိမ်အကျယ်ချုပ်ဘဝဖြင့် ဖြတ်သန်းနေရပေအုံးမည်ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ မေလတွင် စစ်အစိုးရမှ စနစ်တကျကြိုတင်စီစဉ်ထားသော ဒီပဲယင်းလုပ်ကြံမှုကြီးအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ် အကျယ်ချုပ်ဖြင့် ထပ်မံထိန်းသိမ်းထားခဲ့ရာ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအရ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ပြန်လည်လွှတ် ပေးရမည်ဖြစ်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်အား တရားဥပဒေအတိုင်း ပြန်လည်လွှတ်ပေးမည့်အစား မတရားအမှုဆင်ကာ နာမည်ဆိုး ဖြင့်ကျော်ကြားလှသည့် အင်းစိန်ထောင်အတွင်း ထိမ်းသိမ်းကာ တရားစွဲဆို ခုံရုံးတင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထိုစစ်ဆေးမှုအပြီးတွင် သူမအား နေအိမ်အကျယ်ချုပ်ဖြင့် ယနေ့တိုင် ဆက်လက်ထိမ်းသိမ်းထားဆဲဖြစ်သည်။

ထို့အပြင် နအဖစစ်အစိုးရသည် ယခုအချိန်တွင် နိုင်ငံတကာအဝန်းအဝိုင်းနှင့် ပြည်သူလူထုမှ မှန်ကန်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လမ်းကြောင်းကို ဦးတည်ရန် တရားနည်းလမ်းကျစွာ တောင်းဆိုနေသည်ကို လုံးဝမျက်ကွယ်ပြုကာ ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံရေးစင်မြင့်မှ ဖယ်ကျဉ်သည့် တင်းကျပ်သည့် ရွေးကောက်ပွဲဥပဒေများကို အစီအစဉ်ရှိရှိ ရေးဆွဲချမှတ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များကြားတွင် သွေးကွဲစေမည့် အခြေအနေများကို ဖန်တီးခြင်းတို့သည်လည်း သိမ်မွေ့သော နည်းဟန်ဖြင့် နိုင်ငံရေးလုပ်ကြံမှုကြီးကို လုပ်ဆောင် သည်ဟု မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ရှုမြင်မိသည်။

သို့သော် နိုင်ငံရေးယုံကြည်ချက်ခိုင်မာသော ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီခေါင်းဆောင်များ၏ မှန်ကန်သော ဆုံးဖြတ်ချက်ဖြင့် နအဖ အလိုကျ လုပ်ဆောင်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ခြင်း သည် အလွန်တရာမှ ဂုဏ်သိက္ခာရှိသော နိုင်ငံရေးလုပ်ဆောင်ချက်တခုကို လုပ်ဆောင်လိုက်နိုင်ခဲ့ခြင်း ဖြစ်သည်ဟု ရှုမြင်သုံးသပ်ကာ ဤကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ခြင်းအပေါ် မိမိတို့အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)အနေဖြင့် အထူးဂုဏ်ယူကြောင်း ယနေ့ သူမ၏ (၆၅)နှစ်ပြည့်မွေးနေ့တွင် ဂုဏ်ပြု ထုတ်ဖေါ်ပြောကြားလိုက်ပါသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်စုကြည်သည် စစ်အစိုးရ၏ အနှစ် (၂၀)နီးပါး အထိမ်းသိမ်းခံဘဝဖြင့် သူမ၏မွေးနေ့များစွာကို ဖြတ်သန်းနေရ သည်မှာ ယနေ့ချိန်ထိဖြစ်သည်။ ထိုသို့ နေအိမ်အကျယ်ချုပ်ဘဝဖြင့်ရှိနေသော်လည်း နိုင်ငံရေးယုံကြည်ချက် ခိုင်မာစွာဖြင့် မြန်မာနိုင်ငံရေးကို ဦးဆောင်နေသည့်အပေါ်တွင် မြန်မာပြည်သူသာမက ကမ္ဘာအဝန်းရှိ ဒီမိုကရေစီကို ချစ်မြတ်နိုး လေးစား ယုံကြည်သူများ အားလုံးအတွက် ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင်အဖြစ် တည်ရှိနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ နအဖစစ်အစိုးရအား မွန်မြတ်သော နှလုံးရည်တိုက်ပွဲကို ဆက်လက်ဆင်နွဲလျှက်ရှိနေသည့် ***"လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး"*** မှ ***"မြန်မာနိုင်ငံလွှတ်မြောက်ရေး"*** သို့ဟူသည့် နိုင်ငံရေးကြွေးကြော်သံကို ကိုင်စွဲ၍ စစ်အာဏာရှင်စနစ် အမြန်ဆုံးပြုတ်ကျရေးအတွက် လက်တွဲညီညီဖြင့် တိုက်ပွဲဝင်ကြပါရန် မိမိတို့ အဖွဲ့ချုပ်မှ ပြည်သူလူထုတရပ်လုံးအား တိုက်တွန်းအပ်ပါသည်။

ထို့အပြင် နအဖအလိုကျ လုပ်ဆောင်မည့် ၂၀၁၀ ရွေးကောက်ပွဲသည် နအဖသက်ဆိုးရှည်ရေးအတွက်သာဖြစ်၍ ပြည်သူလူထုဘဝကို ပိုမို ဒုက္ခရောက်စေမည်သာဖြစ်သည့်အတွက် စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်သည့် နိုင်ငံရေးလုပ်ဆောင်ချက်ကို ဖေါ်ဆောင်ပေးရေး အတွက် နအဖစစ်အစိုးရအား ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဝန်းအဝိုင်းမှ ဖိအားပေးတိုက်တွန်းကြပါရန် တောင်းဆိုလိုက်ပါသည်။


**ဆက်သွယ်ရန်**

| | |
|---|---|
| စောစံငြိမ်းသူ (ထိုင်းနိုင်ငံ) | + ၆၆ ၈၀ ၇၉၂ ၀၄၄၅ |
| မသင်းသင်းအောင် (အိန္ဒိယနိုင်ငံ) | + ၉၁၉ ၈၉၁ ၂၅၂၃၁၆ |
| စောမြရာဇာလင်း (ဘင်္ဂလားဒေ့ရှ်နိုင်ငံ) | + ၈၈ ၁၇၃၂ ၆၄၉ ၀၀၇ |
| လွေးနွေနှောင်း (မယ်ဆောက်၊ ထိုင်းနိုင်ငံ) | + ၆၆ ၈၂၁ ၆၄၈ ၁၁၅ |